အခြေကို ဖြတ်ပြီးမှသာ ထိုင်ကောင်း **အိပ်ကောင်းသည့်၊** အခြေ၌ ခြင်္သေ့ရုပ် ကျားရုပ်စသော တောကောင် သားရဲ ရုပ်ပါသော ပလ္လင်လည်း ဥစ္စာသယနဟုပင် (ခုဒ္ဒသိက္ခာဋီကာ ၌) ဆိုသတတ်၊ "မဟာသယန"ဟူသည် ရဟန်းသာမဏေတို့ "မထိုင်ကောင်း မအိပ်ကောင်း" ဟု ဘုရားပညတ်တော် မူထားသော အခမ်းအနား ဆန်းကြယ်သော အခင်းများ တည်း။

ထို မဟာသယနတချို့ကား–ဂေါနက=လက် ၄-သစ်ထက် လွန်အောင် အမွေးရှည်သော ကော်ဇောကြီး၊ စိတ္တက= အကွက်အပြောက်တို့ဖြင့် ဆန်းကြယ်စွာ ချုပ်အပ် ယက်အပ် သော သားမွေးအခင်း၊ ပဋိက=ဆေးရောင်အမျိုးမျိုးမဆိုးဘဲ အဖြူထည်သက်သက် သားမွေးဖြင့် ယက်အပ်သော အခင်း၊ ပဋလိက=ပန်းပြောက်ခြယ်လျက် သားမွေးဖြင့် ယက်အပ် သောအခင်း၊ တူလိက=လဲဝါဂွမ်း အဆာသွတ်ထားသော အခင်း၊ ဤသို့စသည်ဖြင့် မဟာသယန များစွာရှိ၏။

**မှတ်ချက်။** ။ယခုခေတ် သိုးမွေးကော်ဇော အခင်းများ သည်ဤမဟာသယန၌ပါဝင်နေသောကြောင့် ခုတင် ကုလားထိုင်ပေါ်၌ခင်း၍ ရဟန်းသာမဏေ ဥပုသ်သည် တို့ မအိပ်မထိုင်ကောင်း၊ ကြမ်းပြင်ပေါ်၌ကား ခင်း၍ ထိုင် ကောင်း အိပ်ကောင်းပါ၏၊ လဲသွတ်ထားသော မွေ့ရာဖုံ (ထိုင်စရာ) ကိုမူ ဘယ်မှာမှ မအိပ် မထိုင်ကောင်း၊ ["အနုဇာနာမိ ဘိက္ခဝေ အာသန္ဒိယာ ပါဒေ ဆိန္ဒိတွာ ပရိဘုဉ္ဇိတုံ